## ၁၄။ မြေခွေးပုရစ်

**African Mole Cricket : *Gryllotalpa Africana* (Palisot de Beauvois, 1805)**

**Orthoptera : Gryllotalpidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



အကောင်ကြီးခန္ဓာကိုယ် မှာ(၂၅-၃၃)မီလီမီတာရှည်ပြီး အဝါ(သို့)အညိုရောင်ရှိသည်။ဦးမှင်တို၍ အစေ့ပုံ အဆစ်များဖြင့်ဖွဲ့စည်းထားသည်။ နောက်ခြေများသည် တူးဆွပြီး ပေါင်အောက်ပိုင်းမှာ ဖြောင့် တန်းသည်။အမတွင်ဥထိုးတံပါရှိသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– ( ၁၀-၁၂ )** ရက် |
| ပိုးမမည် အဆင့် | **– ( ၃-၄ )** လ |
| စုစုပေါင်းဘဝစက်ဝန်း | –(၁-၃)နှစ် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ထယ်နက်နက်ထိုးပါ။

(၂)ကြားပေါင်းလိုက်ပါ။

(၃)အဆိပ်မျှားစာချပါ။(ဆန်ကွဲနှင့်ထိသေ၊စားသေပိုးသတ်ဆေးတစ်မျိုးမျိုးရောနယ်ပါ။)

(၄)မြေကြီးအားအဆိပ်ငွေ့မှိုင်းတိုက်ပါ။

(၅)ထိသေ၊စားသေအာနိသင်ရှိ ပိုးသတ်ဆေး တစ်မျိုးမျိုး ကိုဆေး အညွှန်း အတိုင်း ပက် ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဆိုင်ပါမီသရင်(Cypermethrin)
- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ဒယ်လ်တာမီသရင်(Deltamethrin)